# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြခြင်း

## နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန


တင်ပြသူ

ဒေါက်တာအိရွှေစင်ထွန်း

ညွှန်ကြားရေးမှူး


၁၅.၆ .၂၀၂၃ (ကြာသပတေးနေ့) နေပြည်တော်

## သံနှင့်ဒန်သတ္တုအရည်ကျိုလုပ်ငန်း နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်ချက်

| | | |
|---|---|---|
| ခရီးစဉ် | - | ၄.၁၀၂၀၂၂၊ ပဲခူးတိုင်းဒေသကြီးခရီးစဉ် |
| တောင်းဆိုချက် | - | ဒါန်သတ္တုနှင့် သံရည်ကျို နည်းပညာများ ပံ့ပိုးပေးပါရန် |
| ပံ့ပိုးဆောင်ရွက်မှု | - | ၁၃.၂.၂၀၂၃ ရက်နေ့မှ ၁၇.၂.၂၀၂၃ ရက်နေ့ထိ (ပထမအကြိမ်၊ **ကဝမြို့နယ်၊ သပြုကျေးရွာ**) ၂၅.၅.၂၀၂၃ ရက်နေ့မှ ၂၉.၅.၂၀၂၃ ရက်နေ့အထိ (ဒုတိယအကြိမ်၊ ပျဉ်ပုံကြီးမြို့နယ်၊ ရွာသစ်ကိုင်းတာကျေးရွာ) |
| သင်ကြားသည့် ဘာသာရပ်များ (သပြုကျေးရွာ ) | - | သတ္တုအရည်ကျိုခြင်း၊ ပုံသွင်းသဲပြုလုပ်ခြင်း၊ **Sand Mould အကြောင်း အသေးစိတ် သင်ကြားပို့ချခြင်း၊ ပုံသွင်းမည့် သဲတွင် လိုအပ်သော ဂုဏ်သတ္တိများကို သတ်မှတ်ထားချက်အတိုင်း ရှိ/မရှိ စမ်းသပ်စစ်ဆေးနည်း သင်ကြားခြင်း၊** Mould and Die ပြုလုပ်ခြင်း၊ **Permanent Die သွန်းလောင်းပုံ အဆင့်ဆင့် ၊** သဲပွင့်၏ အရွယ်အစား၊ ပုံသဏ္ဍာန် များကို Microscope 15x ဖြင့် လက်တွေ့ပြသကြည့်ရှုပို့ချခြင်း၊ သွန်းသံ၏ သတ္တုဗေဒဆိုင်ရာ အခြေခံသဘောတရားများ |
| သင်ကြားပို့ချသည့် ဆရာများ | - | အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်)၊ ဒုတိယစက်ရုံမှူး၊ ဦးစိုင်းကျော်ကျော်ဦးနှင့် တွဲဖက်ဆရာ (၁) ဦး |

# သံနှင့်ဒန်သတ္တုအရည်ကျိုလုပ်ငန်း နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်ချက်(အဆက်)

| | | |
|---|---|---|
| သင်ကြားသည့် ဘာသာရပ်များ (ရွာသစ် ကိုင်းတာ ကျေးရွာ) | - | သွန်းသံအမျိုးအစားများ၊ Gray Cast Iron ၏ ဂုဏ်သတ္တိများနှင့် အသုံးပြုပုံများ အကြောင်း သံသားအမာအပျော့မညီခြင်း၊ မျက်နှာပြင်ကြမ်းတမ်းခြင်းများ အကြောင်း ၊ ပုံသွန်းသဲ၏ သဘော သဘာဝသွန်းထယ်ပစ္စည်းများ သဲမကပ်စေရန် သွန်းလောင်းမည့် သံရည်၏ အပူချိန်အား ထိန်းညှို၍ သွန်းလောင်းခြင်းများ အကြောင်း ၊ သွန်းပုံများ ပြုလုပ်နည်းအဆင့်ဆင့်နှင့် ပုံသွန်း နည်းစဉ်များအကြောင်း ၊လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်း ၊သွန်းထယ်များ မျက်နှာပြင် ချောမွေ့ စေရန် Graphite Powder မှုန့် အသုံးပြုပုံများ အကြောင်း၊ သွန်းထယ် များ တွင် ဖြစ်တတ်သော အပြစ်အနာများနှင့် ပြုပြင်ခြင်းနည်းလမ်းများ အကြောင်း၊အေးမြန်ခဲ စမ်းသပ် ခြင်း ( Chill Test ) အကြောင်း၊ သွန်းထယ်များ ပိုမိုကောင်းမွန်စေရန် Mould အပေါ်ဘက်ခြမ်း အား အနည်းငယ်မြှင့်၍ဆောင်ရွက်ရန် Casting ကြီးများ သွန်းလောင်းရာတွင် သတိပြုရမည့် အချက်များအကြောင်း |

# သံနှင့်ဒန်သတ္တုအရည်ကျိုလုပ်ငန်း နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်ချက်(အဆက်)

တက်ရောက်သူများ - စုစုပေါင်း (၅၀) ဦး

အကျိုးရလဒ်များ - မိရိုးဖလာနည်း ဖြင့်လုပ်ကိုင်နေခြင်းမှ အဆင့်မြင့်နည်းပညာများအသုံးပြုလာနိုင်ခြင်း၊
အဆင့်မြင့်နည်းပညာများအသုံးပြုလာခြင်းဖြင့်ထုတ်ကုန်များပိုမိုထုတ်လုပ်လာနိုင်ခြင်း၊
ထုတ်ကုန်အရည်အသွေးမြင့်မားလာခြင်း၊ဈေးကွက်ပိုမိုရရှိလာနိုင်ခြင်း၊
တီထွင်ဆန်းသစ်မှုများကို ပိုမိုသိရှိလာနိုင်ခြင်း။






သံနှင့်ဒန်သတ္တုအရည်ကျိုလုပ်ငန်း နည်းပညာလက်တွေ့ပံ့ပိုးဆောင်ရွက်နေပုံ

# မိုးကောင်းကင်ကယားဝက်အူချောင်းလုပ်ငန်းသို့အစားအသောက်ထုတ်လုပ်ခြင်းဆိုင်ရာနည်းပညာဖွံ့ဖြိုးမှု ဆောင်ရွက်ချက်

| | | |
|---|---|---|
| ခရီးစဉ် | - | ၃.၄.၂၀၂၃ ရှမ်းပြည်နယ်ခရီးစဉ် |
| တောင်းဆိုချက် | - | ပြည်တွင်းဒေသစာကို ပြည်ပနိုင်ငံများအထိ ရောင်းချနိုင်ရန် နည်းပညာဆိုင်ရာလိုအပ်ချက်များကို သင်တန်းတက်ရောက်နိုင်ရန် စီစဉ်ဆက်သွယ်ပေးခြင်း၊ အစားအသောက်ထုတ်လုပ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို Mentor အဖြစ် ချိတ်ဆက်ခြင်းများ ပံ့ပိုးပေးပါရန် |
| ပံ့ပိုးဆောင်ရွက်မှု | - | ၃.၄.၂၀၂၃ ရက်နေ့ |
| တက်ရောက်သူများ | - | စုစုပေါင်း (၅၀) ဦး |
| အကျိုးရလဒ်များ | - | ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးပြည့်မီသော စားသုံးသူလိုလားချက်နှင့် ကိုက်ညီသည့် စားသောက်ကုန်များထုတ်လုပ်ရာ အသိပညာဗဟုသုတများ ရရှိလာခြင်း၊ Food Safety အတွက် GMP, HACCP စနစ်များနှင့်အညီ လုပ်ဆောင်ရမည်ကို သိရှိလာခြင်း၊ Product များ၏ Quality Control ကို စဉ်ဆက်မပြတ် စောင့်ကြည့်ရန် လိုအပ်ခြင်းကိုသိရှိလာခြင်းနှင့် လုပ်ငန်းတူအချင်းချင်း ချိတ်ဆက်၍ ပိုမိုကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ခြင်း။ |

# မိုးကောင်းကင်ကယားဝက်အူချောင်းလုပ်ငန်းသို့အစားအသောက်ထုတ်လုပ်ခြင်းဆိုင်ရာနည်းပညာဖွံ့ဖြိုးမှု ဆောင်ရွက်ချက် (အဆက်)












# စားသုံးဆီများ အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲများကျင်းပခြင်း

ခရိုးစဉ် - ပြည်ခရိုးစဉ်၊ မိတ္ထီလာ ခရိုးစဉ်၊ ရန်ကုန် ခရိုးစဉ်၊

တောင်းဆိုချက် - ဆီသန့်စင်သည့် Refinery နည်းပညာပံ့ပိုးပေးရန်

ပံ့ပိုးဆောင်ရွက်မှု - "စားသုံးဆီထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် "ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးပြည့် စားသုံးဆီထုတ်လုပ် သန့်စင်ခြင်းနည်းပညာ" သင်တန်း

စားသုံးဆီများသန့်စင်သည့် Refinery နည်းပညာများ ပံ့ပိုးပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်း

Refinery Plant ပုံစံငယ် တည်ဆောက်၍ အသိပညာပေးခြင်း၊

ဝါစေ့ဆီကြမ်းသန့်စင်ခြင်းရလဒ်များ အပေါ်သုံးသပ်ဆွေးနွေးခြင်း၊

"နေကြာဆီ၊ ပဲဆီ နှင့်စပ်လျဉ်းသော တွေ့ဆုံဆွေးနွေးပွဲ"


"ပဲပုပ်ဆီ၊ စားအုန်းဆီ/ စားအုန်း ဆီကြမ်း၊ ဖွဲနုဆီနှင့်စပ်လျဉ်းသော တွေ့ဆုံဆွေးနွေးပွဲ"

# စားသုံးဆီများ အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲများကျင်းပခြင်း(အဆက်)

တက်ရောက်သူများ - လုပ်ငန်းရှင် (၁၅၀) ဦး

အကျိုးရလဒ်များ - ဆီထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် ဆီကြိတ်ခွဲရာတွင် အသုံးပြုသင့်သည့် စက်ပစ္စည်းများနှင့် ဆီသန့်စင်သည့် Process များ သိရှိလာခြင်း၊ ဆီဆုံးရှုံးမှုနည်းပြီး စီးပွားရေးတွက်ချေကိုက်အောင် ထုတ်လုပ်နိုင်သည့် နည်းစဉ်များ သိရှိလာခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီသော စားသုံးဆီထုတ်လုပ်လာနိုင်ရန် အသိပညာများ ရရှိခြင်း။



# စားသုံးဆီများ အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှုများ

- မေလ ၂၃ ရက်နေ့တွင်ကျင်းပသောဆီပညာရှင်များ၏သီးသန့်အစည်းအဝေးအရ-

  အရည်အသွေးပြည့်မီသန့်စင်ပြီး ပဲပုပ်ဆီ နှင့် နေကြာဆီ ကို ဈေးကွက်အကြိုက်ရောင်းချနိုင်ရန်အတွက် သန့်စင်ပြီးဆီကို အနံ့ချွတ်ရန် (Deodorize) လိုအပ်ပါ၍ ဆီပညာရှင်များမှ one batchလျှင် ဆီ ၅ ပိဿာခန့် အနံ့ချွတ်နိုင်သော စားသုံးဆီအနံ့ချွတ်စက်အသေးစားကို design ရေးဆွဲတည်ဆောက်စမ်းသပ်လည်ပတ်ရန်ဆုံးဖြတ်ပါသည်။Edible oil refining pilot plant နှင့် စမ်းသပ်လည်ပတ်၍ ဈေးကွက်ဝင် အရည်အသွေးပြည့် ဆီသန့်ထုတ်လုပ်နိုင်မှုသေချာမှ စီးပွါးရေးတွက်ချေကိုက်စွာထုတ်လုပ်နိုင်သည့်စက်ရုံကြီးတည် ဆောက်ရန်ဆုံးဖြတ်ပါသည်။
- အသေးစား edible oil deodorizer pilot plant ပီပီပြင်ပြင်ထိထိရောင်တည်ဆောက်နိုင်ရန်အတွက် ပညာရှင်များအနေဖြင့် (၂၈/၅/၂၀၂၃) နေ့တွင် ဟသ်ာတမြို့ ဖွဲ့နုဆီစက်ရှိ rice bran oil deodorizer unit သို့ သွားရောက်လေ့လာခဲ့ပါသည်။
- (၆/၆/၂၀၂၃) တွင် ရွှေပြည်သာစက်မှုဇုန်ရှိ ပတ္တမြားဆီစက် ပဲပုပ်ဆီ အနံ့ချွတ်စနစ်သွားရောက်လေ့လာပြီး Edible oil deodorizer pilot plant design နောက်ဆုံးအတည်ပြုပြီးတည်ဆောက်မည်ဖြစ်ပါသည်။ တည်ဆောက်ချိန် ရက် (၅၀) ခန့်ကြာမြင့်ပါမည်။

# စားသုံးဆီများ အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နေမှုများ (အဆက်)

- ၆/၆/၂၀၂၃ နေ့ တွင် ရွှေပြည်သာစက်မှုဇုန်ရှိ ပတ္တမြားဆီစက် ပဲပုပ်ဆီ အနံ့ချွတ်စနစ်သွားရောက်လေ့လာပြီး Edible oil deodorizer pilot plant design နောက်ဆုံးအတည်ပြုပြီး ဖြစ်ပါ၍ လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူစုဆောင်း လျက်ရှိ ပါသည်။

- ၇/၆/၂၀၂၃ နေ့တွင် ပြည်မြို့၊ ရှယ်ထူးရှယ် ဆီလုပ်ငန်း၊ Dr.နေလင်းအောင် မှတင်ပြလာသောပဲပုပ်ဆီအချွဲချွတ်စက် စမ်းသပ်တည်ဆောက်ထားမှုအပေါ် ပညာရှင်များမှ အကြံပြုဆွေးနွေးပွဲကို ၉/၆/၂၀၂၃ နေ့ တွင်ပြုလုပ်ပေးခဲ့ပါသည်။




## အင်းလေးဒေသမှထုတ်လုပ်သော “ဖေဒါမြေဆွေး” ထုတ်ကုန်များလူသိများလာစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲကျင်းပခြင်း

| | | |
|---|---|---|
| ခရီးစဉ် | - | ၇.၃.၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်ခရီးစဉ် |
| တောင်းဆိုချက် | - | အင်းလေးကန်အတွင်းရှိ ဖေဒါ၊ ဒိုက်များ၊ ကျွန်းမျောအဆွေးများကို ဖေဒါမြေဆွေးအနေဖြင့် ထုတ်လုပ်လျက်ရှိပါကြောင်းနှင့် ထုတ်လုပ်ထားသော မြေဆွေးများမှာ လူသိနည်းပြီး ဈေးကွက်ထိုးဖောက်ရန် ခက်ခဲနေသည့်အတွက် နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးနိုင်ပါရန် |
| ပံ့ပိုးဆောင်ရွက်မှု | - | ဖေဒါမြေဆွေးထုတ်ကုန်များလူသိများလာစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ၄.၅.၂၀၂၃ ရက်နေ့တွင် Zoom Meeting ဖြင့် ကျင်းပပြုလုပ်ခြင်း |
| တက်ရောက်သူများ | - | ပညာရှင်များ၊ တာဝန်ရှိသူများနှင့် MSME လုပ်ငန်းရှင်များ စုစုပေါင်း (၁၁) ဦး |

## အင်းလေးဒေသမှထုတ်လုပ်သော "ဗေဒါမြေဆွေး" ထုတ်ကုန်များလူသိများလာစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲကျင်းပခြင်း (အဆက်)

**အကျိုးရလဒ်များ** - ဗေဒါသဘာဝဓါတ်မြေဩဇာများအား သုံးစွဲသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာမည်ဖြစ်ပြီး ဈေးကွက် ပိုမိုရရှိလာနိုင်မည်ဖြစ်ခြင်း၊ ဈေးကွက်ရရှိစေမည့် နည်းလမ်းများကို သိရှိလာခြင်း၊ မြေဆွေးဇကာချရာတွင်အသုံးပြုသင့်သည့် စက်အမျိုးအစားနှင့်ဝယ်ယူရမည့်နေရာကိုသိရှိလာခြင်း၊ လုပ်ငန်းတူအချင်းချင်း ချိတ်ဆက်၍ပိုမိုကောင်းမွန်သောထုတ်ကုန်များထုတ်လုပ်လာနိုင်မည်ကိုသိရှိလာခြင်းနှင့်အခြား ထုတ်လုပ်မှုဆိုင်ရာ အကြံပြုချက်များရရှိခြင်း။



# အင်းလေးဒေသရှိ ဓားအမျိုးမျိုးအား အရည်အသွေးမြှင့် ထုတ်လုပ်နိုင်ရေး ပံ့ပိုးပေးနိုင်ရေးကိစ္စ

ခရီးစဉ် - ၇.၃.၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်ခရီးစဉ်

တောင်းဆိုချက် - ဓါးများယခုထက်ပိုမို၍ အရည်အသွေးကောင်းမွန်လာစေရေးကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ **ကွင်းဆင်းလေ့လာချက်များအရ ဈေးကြီးပေး ဝယ်ယူနေရသည့် လေးသံကုန်ကြမ်းကို ဈေးနှုန်းသက်သာစွာဝယ်ယူလိုပါကြောင်း တင်ပြခြင်း၊**

ပံ့ပိုးဆောင်ရွက်မှု - အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) မှ ဓားထုတ်လုပ်မှု နည်းပညာလွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) မှရရှိမည့် လေးသံ (၄) တန် အား တစ်တန်လျှင်(၈၀၀,၀၀၀)နှုန်းဖြင့် ရှမ်းပြည်နယ် MSME Agency ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အမှန်တကယ်လိုအပ်လျက်ရှိသော အင်းလေးဒေသတွင်းရှိ ပန်းပဲလုပ်ငန်းများထံသို့ သတ်မှတ်ဈေးနှုန်းအတိုင်း စနစ်တကျလက်ဝယ်ရောင်းချနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌမှ ရှမ်းပြည်နယ် MSME Agency သို့ အကြောင်းကြားစာ ပေးပို့ဆောင်ရွက်ခြင်း။

# ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း

ခရီးစဉ် - ၁၂.၅.၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့

၂၂.၅.၂၀၂၃ ရက်နေ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့


၃၀.၅.၂၀၂၃ ရက်နေ့ ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့


တောင်းဆိုချက် - ကော်ဖီစိုက်ပျိုးသည့် နည်းပညာ၊ ကော်ဖီပျိုးပင်များရရှိနိုင်ရေး၊ ဒေသထုတ်ကုန်များအား ကာကွယ်ပေးခြင်းနှင့် ဆက်စပ်ကော်ဖီနည်းပညာဆိုင်ရာ လိုအပ်ချက်များ တင်ပြခြင်း၊ ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မီနည်းပညာများ ပံ့ပိုးပေးပါရန်။

ပံ့ပိုးဆောင်ရွက်မှု - (၁၆.၅.၂၀၂၃) ရက်နေ့တွင် ပထမအကြိမ်ဆွေးနွေးပွဲကျင်းပခဲ့ရာ ကျိုင်းတုံရှိ သုတေသန စိုက်ပျိုးရေးခြံနှင့်မြန်မာနိုင်ငံကော်ဖီအသင်းတို့မှကော်ဖီပျိုးပင်/ မျိုးစေ့များ၊ စိုက်ပျိုးနည်းပညာများ နှင့်စပ်လျဉ်း၍ ကူညီပံ့ပိုးပေးနိုင်ကြောင်းဆွေးနွေးခဲ့ပြီး၊ ကော်ဖီဈေးကွက်ရရှိရေးနှင့် နည်းပညာပံ့ပိုး နိုင်ရေးအတွက် "ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ" ကို ၁၄.၆.၂၀၂၃ ရက်နေ့ တွင် သက်ဆိုင်ရာ Stakeholder များပါဝင်လျက် တွေ့ဆုံပွဲကျင်းပခဲ့ခြင်း။

တက်ရောက်သူများ - ပညာရှင်များ၊ တာဝန်ရှိသူများနှင့် MSME လုပ်ငန်းရှင်များ စုစုပေါင်း (၁၀၅) ဦး

# ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း(ပထမ အကြိမ်)




# ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲရလဒ်များ(ပထမ အကြိမ်)

- ❖ လုပ်ငန်းရှင်လိုအပ်လျက်ရှိသော ကော်ဖီမျိုးစေ့၊ ပျိုးပင်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှာင်မြို့နယ် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့မှ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသဖြင့် ပျိုးပင်နှင့်ပတ်သက်သော သတင်း အချက်အလက်များသိရှိလာခြင်း၊
- ❖ ကော်ဖီပျိုးသည့် နည်းစနစ်များကို သိရှိလာခြင်း၊
- ❖ ကော်ဖီအရည်အသွေးမီရန် ခွာတ်ခွဲခန်းလိုအပ်ခြင်း၊ Export အတွက် ပိုးမွှား သန့်စင်သည့်စက်နှင့် ကြိတ်ခွဲသန့်စင် လိုအပ်ခြင်း၊ နည်းပညာ၊ ထုတ်လုပ်မှု နည်းစနစ်များလိုအပ်ခြင်းစသည်ဖြင့် Value Chain တစ်လျောက် လိုအပ်ချက် များကို သိရှိလာခြင်း၊
- ❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို သိရှိလာခြင်း၊
- ❖ ဒေသအလိုက် Cluster စုဖွဲ့ဆောင်ရွက်ပြီး သက်ဆိုင်ရာ Stakeholder များနှင့် ချိတ်ဆက်၍ အကူညီများရယူနိုင်ခြင်း၊
- ❖ Tree to Cup အထိ လိုအပ်သည်များကို ပံ့ပိုးပေးနိုင်သည့် အသင်းအဖွဲ့များနှင့် ချိတ်ဆက်နိုင်ခြင်း၊
- ❖ စီးပွားဖြစ်လုပ်ငန်းများ လုပ်ဆောင်ရာတွင် မိမိလုပ်ငန်း၏ လိုအပ်ချက် အသေးစိတ် Plan ကို သိရှိအောင်ပြင်ဆင်ပြီး စနစ်တကျဆောင်ရွက်မှ အောင်မြင်နိုင်မည် ဖြစ်ခြင်းကို သိရှိလာခြင်း၊

# ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲရလဒ်များ(ပထမ အကြိမ်)



သို့

ခရိုင်ဦးစီးဌာနမှူး
ကျိုင်းတုံခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ကျိုင်းတုံမြို့

ရက်စွဲ၊၂၇.၅.၂၀၂၃

အကြောင်းအရာ ။ **ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်လိုသည့် အသေးစိတ် အစီအစဉ်အားတင်ပြနိုင်ရေးကိစ္စ။**

ရည် ညွှန်း ချက် ။ ကျိုင်းတုံခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏(၂၆.၅.၂၀၂၃) ရက်စွဲပါစာအမှတ် ၊၁၅၁၅ (၁-ခ) ၁/ကတ/ ၂၀၂၃ (၂၄၄)


၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာသောစာအရ ကျွန်တော်တို့ ကျိုင်းတုံကော်ဖီအစုအဖွဲ့အနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များအား (၂၇.၅. ၂၀၂၃) ရက်နေ့တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်ဆိုင်ရာကိစ္စရပ်များနှင့် လေ့လာရေးခရီးစဉ်များ သွားရောက် ခြင်းဆိုင်ကိစ္စရပ်များကို အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂။ ပထမဦးစွာ မျိုးကောင်းမျိုးသန့်ကော်ဖီပျိုးပင်များ ရရှိရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း ) ကျိုင်းတုံမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီစိုက်တောင်သူများထံ ကော်ဖီပျိုးပင် (၅၀၀၀၀)ခန့်ပံ့ပိုး ပေးမည်ဖြစ်ကြောင်း သိရှိရပါသဖြင့် အမှန်တကယ် ကော်ဖီစိုက်ပျိုးသူများထံသို့ ပျိုးပင်များ ပြန်လည် ဝေငှပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဈေးကွက်တည်ငြိမ်ရေး ဖော်ဆောင်မှုအနေဖြင့် မြန်မာနိုင်ငံကော်ဖီအသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် ကော်ဖီ စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ပညာရှင်များ၏အကြံပြု လမ်းညွှန်ချက်များ ပေးသည့်အတိုင်း ကော်ဖီများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တင်ပြထားခဲ့ သည့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု အတွက် လိုအပ်လျှက်ရှိသည့် နည်းပညာများရရှိနိုင်ရေး ရွာငံမြို့နယ် သို့လေ့လာရေးခရီးသွားရောက်မည့် ခရီးစဉ် တွင် ကုန်ကျမည့် စရိတ်များအား မကြာမီကရခိုင်ပြည်နယ် အတွင်းဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း ဒဏ်သင့်သည့် ပြည်သူများအား ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ လေ့လာရေး ခရီးစဉ်အား ရပ်နားထားမည် ဖြစ်ပါကြောင်း ဆွေးနွေးချက်များအား ပြန်လည်တင်ပြအပ်ပါသည်။

ယာထွန်း
ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ

# ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း(ဒုတိယ အကြိမ်)

အကျိုးရလဒ်များ - ကော်ဖီမျိုးစေ့၊ ပျိုးပင်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွာငံမြို့နယ် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့မှပံ့ပိုးပေးနိုင်ခြင်း၊ ကော်ဖီလုပ်ငန်းရှင်များအတွက်လိုအပ်သော သတင်းအချက်အလက်များ နှင့် နည်းပညာဆိုင်ရာများကို ကုန်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ DRI တို့မှတိုက်ရိုက် ဆွေးနွေးခြင်း၊ FoSTA၊ UMFCCI ၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ ထိုင်းနိုင်ငံနှင့်ကိုရီးယားနိုင်ငံ စီးပွားရေးသံမှူးအစရှိသည့် Stakeholder များမှ တက်ရောက်ဆွေးနွေး၍ ကော်ဖီနည်းပညာ၊ ဓါတ်ခွဲ စမ်းသပ်မှုဆိုင်ရာနှင့် ဈေးကွက်ရရှိမှုအတွက် ချိတ်ဆက်နိုင်ခြင်း။






လမ်းညွှန်မှုနာခံအပ်ပါသည်